
မိတ်ကူးချိုချိုအနုပညာ



# IELTS
# အတွက် စကားလုံးများ အသုံးအနှုန်း (၂)

## The Usages of Words For IELTS (2)

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

mgyoe.com


mgyoe.com

# IELTS

## အတွက်
## စကားလုံးများအသုံးအနှုန်း (၂)

## The Usages of Words For IELTS (2)

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)



ISBN9789997116970
MMA37
9 789997 116970
1,500.00KS

mgyoe.com

IELTS အတွက် စကားလုံးများအသုံးအနှုန်း(၂)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
စာမျက်နှာ ၉၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# IELTS အတွက် စကားလုံးများအသုံးအနှုန်း (၂)

# The Usages of Words For IELTS (2)

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာစာ

ကျွန်တော်သည် IELTS သင်တန်းများကို သင်ကြားပေးရုံမျှသာမက IELTS ဆိုင်ရာစာအုပ်များကို လေ့လာဖြေဆိုလိုသူများအတွက် ပြုစုရေးသားခဲ့ရာ Preparation for IELTS, Vocabulary for IELTS 1 & 2, လက်တွေ့ အသုံးကျ IELTS အက်ဆေးများနှင့် IELTS အတွက် စကားလုံးများ အသုံးအနှုန်း(၁)စာအုပ်များကို စိတ်ကူးချိုချိုအနုပညာမှ ထုတ်ဝေခဲ့ရာ စာဖတ်ပရိသတ်နှင့် လေ့လာသူများ၊ တပည့်များ၏ နှစ်သက်တောင်းဆိုမှုအရ The Light of English မဂ္ဂဇင်းတွင် လစဉ်ပင်တိုင်ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ ယခု IELTS အတွက် စကားလုံးများအသုံးအနှုန်း(၂) စာအုပ်ကို ထပ်မံရေးသား ထုတ်ဝေဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာစကားသည် ရှင်သန်နေသော ဘာသာစကား (Living English) ဖြစ်ရာ စကားလုံးအသုံးအနှုန်းများ ကြွယ်ဝပါက 4 Skills English ကို စစ်ဆေးသော IELTS အတွက် လွန်စွာအသုံးဝင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤစာအုပ်သည် IELTS ဖြေဆိုသူများသာမက 4 Skills English တွင် အကျိုးဝင်သော ဝေါဟာရ(Vocabulary) ကြွယ်ဝမှုနှင့် အသုံးအနှုန်း (usage) လေ့လာသူများအတွက် ရည်ညွှန်းလက်စွဲစာအုပ်အဖြစ် အသုံးပြုနိုင်ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ကူးချိုချိုအနုပညာမှ ထုတ်ဝေသူ ဦးစန်းဦးနှင့် The Light of English မဂ္ဂဇင်းထုတ်ဝေသူ ဦးမြင့်ဦး တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဝေဖန်အကြံပြုမှုများကို လေးစားစွာဖြင့် ကြိုဆိုပါကြောင်း အသိပေး အပ်ပါသည်။

**စေတနာအနန္တဖြင့်**
**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**
**B.E (Chemical), MPA, DIR, DBL, DIL, DML,**
**Diploma in Textiles Technology (U.K)**
**ဖုန်း – ၀၉ ၅၀၈ ၇၄၇၉**
**အမှတ် (150/B)၊ ဗားကရာလမ်းနှင့် ပန်းခြံလမ်းထောင့်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# The Usages of Words For IELTS
# IELTS အတွက် စကားလုံးအသုံးအနှုန်း

## (1) quite/ fairly/ really

- **Quite** သည် တော်တော်၊ တကယ့်ကိုဟုအဓိပ္ပာယ်ရပြီး အမေရိကန် အင်္ဂလိပ်အသုံးအနှုန်း ဖြစ်သည်။

e.g *The service of this restaurant is quite good.*
*ဒီစားသောက်ဆိုင်ရဲ့ ဝန်ဆောင်မှုက တကယ့်ကို ကောင်းတယ်။*

- **Quite nice =** အလွန်ကောင်းသည်။

e.g *Your present is quite nice for me.*
*မင်းရဲ့လက်ဆောင်က အလွန်ပဲ ကောင်းပါတယ်။*

- **Fairly** သည် အတန်အသင့်ဟု အဓိပ္ပာယ်ရသည်။

e.g *This cinema is fairly nice.*
*သည်ရုပ်ရှင်က အသင့်အတင့် ကောင်းပါတယ်။*

- **British English** နှင့် **American English** တွင် သဘောကျကြောင်း၊ ထောက်ခံကြောင်း ပြောဆိုရာတွင် **really** ကို သုံးလေ့ရှိသည်။ "တကယ့်ကို၊ သိပ်ကို" ဟု အဓိပ္ပာယ်ရသည်။

e.g *The film was really good.*
*ဒီရုပ်ရှင်ကားက တကယ့်ကို ကောင်းတယ်ဗျာ။*

mgyoe.com

mgyoe.com

**(2) raise/ rise**

- **Raise သည် Transitive verb (ကံလိုကြိယာ)ဖြစ်သည်။ ကြွခြင်း၊ မော့ခြင်း၊ ထူခြင်း၊ ထောင်ခြင်းတို့ကို ဖော်ပြလိုလျှင် raise ကို သုံးသည်။**

e.g *Mg Mg raised his head from the pillow.*
*မောင်မောင်သည် ခေါင်းအုံးပေါ်မှ သူ့ဦးခေါင်းကို မော့လိုက်တယ်။*

- **တစ်စုံတစ်ရာ မြင့်တက်ခြင်း၊ ထိုင်ရာမှထခြင်းကို ဖော်ပြရာတွင် rise ကို သုံးသည်။**

e.g (1) *U Ba rise from his chair.*
*ဦးဘဟာ သူ့ကုလားထိုင်မှ ထလိုက်တယ်။*
(2) *The rice production rise last year.*
*ဆန်စပါး ထုတ်လုပ်မှုဟာ မနှစ်က မြင့်တက်ခဲ့တယ်။*

- Rise ကို British English တွင် သုံးပြီး Raise ကို American English တွင် သုံးသည်။ လစာတိုးခြင်းကို ဖော်ပြရာတွင် rise နှင့် raise ကို သုံးကြသည်။

e.g (1) *Her boss raised her salary last month.*
*သူ့မဘောစ်က သူမလစာကို လွန်ခဲ့တဲ့လက တိုးပေးခဲ့တယ်။*
(2) *A ten per cent pay rise*
*၁၀ ရာခိုင်နှုန်း လစာတိုးပေးခြင်း*

mgyoe.com

mgyoe.com

**(3) rare/ scarce**

- **Scarce** သည် နေ့စဉ်သုံးနေကျပစ္စည်းတစ်မျိုးမျိုး ပြတ်လပ် ရှားပါးသွားလျှင် သုံးသည်။

e.g *Water is scarce in this village.*

*ဒီရွာမှာ ရေက ရှားပါးတယ်။*

- **Rare** သည် ကြုံရခဲသောဖြစ်ရပ်၊ ဖြစ်ခဲသောဖြစ်ရပ်နှင့်ပတ်သက်၍ သုံးသည်။

e.g *U Ba gave a rare interview on televison.*

*ဦးဘဟာ တယ်လီဗေးရှင်းမှာ အင်တာဗျူးခဲတယ်။*

- တစ်ချိန်က ပေါများသော်လည်း ယခု ရှားပါးသွားလျှင် **rare** ကိုသုံးသည်။

e.g *The tiger is now a rare animal.*

*ကျားဟာ ယခုအခါ ရှားပါးတဲ့တိရစ္ဆာန် ဖြစ်တယ်။*

**(4) motive/ ground/ justification/ cause/ reason**

- **Motive** သည် တစ်စုံတစ်ရာ ပြုလုပ်ရန် စေ့ဆော်ချက်၊ ရည်ရွယ်ချက်ကို ဖော်ပြရာတွင် သုံးသည်။

e.g *The man did not seem to have a motive.*

*ဒီလူကြီးမှာ ရည်ရွယ်ချက်ရှိခဲ့ပုံ မတူဘူး။*

- တရားဝင်အကြောင်းပြချက်ကို ဖော်ပြရန် **ground** ကို သုံးသည်။ **plural (grounds)** အနေဖြင့်လည်း သုံးသည်။

e.g *Mya Mya left her job on medical grounds.*

*မြမြဟာ ဆေးအကြောင်းပြချက်တွေနဲ့ သူမ,အလုပ်မှ ထွက်ခဲ့တယ်။*

mgyoe.com

mgyoe.com

▶ **Cause သည် အကြောင်းရင်းဟု အဓိပ္ပာယ်ရသည်။ စိတ်ထဲတွင် ခံစားချက်ဖြစ်ပေါ်စေရန် ထိုက်သင့်သော အကြောင်းရင်း၊ ယုံကြည်ရန် အကြောင်းရင်းကို ဖော်ညွှန်းရာတွင် cause ကို သုံးလေ့ရှိသည်။**

e.g *There should be no cause for pretending between us.*
*ငါတို့ကြားမှာ ဟန်ဆောင်ခြင်းအတွက် အကြောင်းရင်း မရှိသင့်ပါဘူး။*

▶ **လုံလောက်သော အကြောင်းပြချက်ကို ဖော်ပြလိုလျှင် reason နှင့် justification ကို အသုံးပြုသည်။**

e.g *The police had no reason to explain her.*
*ရဲတွင် သူမကို ရှင်းပြရန် အကြောင်းရင်း မရှိခဲ့ချေ။*
*What is the justification about this fair case?*
*သည်လို မှန်ကန်တဲ့ ကိစ္စရပ်နဲ့ပတ်သက်လို့ အကြောင်းရင်းက ဘာလဲ။*

▶ အကြောင်းပြချက်/ ဆင်ခြေပေးလိုလျှင် reason ကို အသုံးများသည်။

e.g *U Mya didn't give any reason for his decision.*
*ဦးမြဟာ သူ့ရဲ့ဆုံးဖြတ်ချက်အတွက် ဆင်ခြေတစ်ခုခု မပေးခဲ့ဘူး။*

▶ **Cause သည် တစ်စုံတစ်ရာ ဖြစ်ရခြင်း၏ အကြောင်းရင်းကို ဖော်ညွှန်းသည်။**

e.g *Police are investigating the cause of the crime.*
*ရဲတွေဟာ မှုခင်းရဲ့အကြောင်းရင်းကို စုံစမ်းမေးမြန်းနေတယ်။*

mgyoe.com

mgyoe.com

**(5) lately/ not long ago/ recently**

- **Lately** သည် အတိတ်ကာလက တစ်စုံတစ်ရာ ဖြစ်ခဲ့ကြောင်းကို ညွှန်းသည်။

e.g *Have you been to the museum lately?*
*မင်း မကြာသေးမီက ပြတိုက်ကို ရောက်ဖူးသလား။*

- အတိတ်ကာလက မကြာသေးသောအချိန်ကို ဖော်ပြလျှင် **not long ago** ကို သုံးသည်။

e.g *They moved house not long ago.*
*သိပ်မကြာသေးတဲ့ကာလက သူတို့အိမ်ပြောင်းခဲ့တယ်။*

- **Recently** သည် များမကြာမီ အတိတ်ကာလက တစ်စုံတစ်ရာ ဖြစ်ခဲ့ကြောင်းကို ညွှန်းသည်။ အမေးဝါကျနှင့် **Affirmative** အဟုတ်ဝါကျများတွင် သုံးသည်။

e.g *U Ba has recently brought a house.*
*ဦးဘသည် မကြာသေးမီက အိမ်တစ်လုံး ဝယ်ခဲ့သည်။*
*Did she go to the party recently?*
*သူမ မကြာသေးမီက ပါတီပွဲ တက်ခဲ့သလား။*

**(6) relation/ relations/ relationship**

- **Relation** သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်စပ်မှု၊ ဆက်နွယ်မှုကို ဖော်ပြသည်။

e.g *There is a trade relation between Myanmar and Thailand.*
*မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှု၊ ဆက်ဆံရေး ရှိသည်။*

mgyoe.com

mgyoe.com

- **Relationship** သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်မှု၊ ဆက်စပ်မှုကို ဖော်ပြသည်။

e.g *There is a relationship between violence and crime.*
*အကြမ်းဖက်မှုနှင့် မှုခင်းတွင် ဆက်စပ်မှုရှိသည်။*

- **A relation** သည် မိသားစု၊ ဆွေမျိုးထဲမှ တစ်ဦးဦး ဖြစ်သည်။

e.g *A relation of U Ba is going to come tomorrow.*
*ဦးဘရဲ့ ဆွေမျိုးထဲက တစ်ဦး နက်ဖြန်လာလိမ့်မယ်။*

- တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်မှုကို ဖော်ပြလိုလျှင် **relationship** ကို သုံးသည်။

e.g *What's your relationship to U Mya?*
*ဦးမြနဲ့ ခင်ဗျားရဲ့ ဆွေမျိုးတော်စပ်ပုံက ဘာလဲ။*

**(7) road/ street/ avenue/ alley/ lane/ highway/ freeway/ motorways**

- **American English** တွင် မြို့ရွာများကို ဆက်သွယ်ပေးသောလမ်းများကို **road, highway** ဟု သုံးသည်။

e.g *Yangon - Pyay Road*
*ရန်ကုန်– ပြည်လမ်းမကြီး*
*Yangon - Mandalay - Highway*
*ရန်ကုန် – မန္တလေး အဝေးပြေးလမ်းမကြီး*

- တိုက်တာရပ်ကွက်အတွင်း မြို့တွင်းလမ်းများကို **Street** ဟုခေါ်သည်။

e.g *34th Street* = ၃၄ လမ်း

mgyoe.com

mgyoe.com

▶ ရိပ်သာပင် တောက်လျှောက်ရှိသော လမ်းကို **avenue** ဟုခေါ်သည်။ အမေရိကန်ပြည်ထောင်စုရှိ အလွန်ရှေးကျသော မြို့များတွင် **avenue** များ ရှိသည်။

▶ တိုက်တန်းများအကြား လမ်းသွယ်၊ နောက်ဖေးလမ်းကို **alley (or) lane** ဟု ခေါ်လေ့ရှိသည်။

▶ မြို့ကြီးများကို ရှောင်ကွင်း၍ ဖောက်ထားသော အဝေးပြေး အမြန်လမ်းမကြီးများကို **motor ways** ဟု ခေါ်သည်။ ယင်းကို **British English** တွင် အသုံးပြုသည်။ ယင်းကို **American English** တွင် **highway, expressway, freeway** ဟု ခေါ်သည်။

▶ တောနယ်များတွင် လမ်းခပ်ကျဉ်းကျဉ်းကို **lane** ဟု ခေါ်လေ့ရှိသည်။

**(8) rob/ steal/ burgle**

▶ အိမ်ကို ဖောက်ထွင်းခိုးယူလျှင် **burgle** ကို သုံးသည်။

e.g *U Mya's house was burgled last night.*

*ဦးမြရဲ့အိမ်ဟာ မနေ့ညက ဖောက်ထွင်းခံရတယ်။*

▶ ငွေကို ဓားပြတိုက် လုယူလျှင် **rob** ကို သုံးသည်။

e.g *He was robbed of his mobile phone.*

*သူ့ရဲ့ မိုဘိုင်းဖုန်း အလုခံလိုက်ရတယ်။*

▶ ပုဂ္ဂိုလ်တစ်ဦးဦး (သို့) တစ်နေရာရာမှ သူ့ရိုး ခိုးယူသောအခါ **steal** ကို သုံးသည်။

mgyoe.com

mgyoe.com

e.g *His cycle has been stolen.*
*သူ့ဆိုင်ကယ် အခိုးခံလိုက်ရတယ်။*

- **Round ကို British English တွင် တွေ့ရသည်။**

**(9) round/ around**

e.g *The earth goes round the sun.*
ကမ္ဘာကြီးက နေကို လှည့်ပတ်သွားတယ်။

- **Around ကို British နှင့် American English နှစ်ခုစလုံးတွင် သုံးသည်။**

e.g *We travelled around Vietnam.*
*ကျွန်တော်တို့ ဗီယက်နမ်အနှံ့ ခရီးသွားခဲ့တယ်။*

**(10) tiptoe/creep/ steal/ sidle/ sneak/ slink/ lurk/ skulk/ prowl**

- **Tiptoe သည် ခြေဖျားထောက်၍ တိုးတိုးတိတ်တိတ် သွားခြင်းကို ဖော်ပြသည်။**

e.g *We tiptoed upstairs because the baby was sleeping.*
*ကလေးအိပ်နေခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ အပေါ်ထပ်သို့ ခြေဖျားထောက်ပြီး တိုးတိုးတိတ်တိတ် သွားတယ်။*

- **Creep သည် ချွတ်နင်း၍ ခြေသံလုံလုံ လှမ်းသွားခြင်းကို ဆိုလိုသည်။**

e.g *Although we crept up behind her, she didn't hear.*
*ကျွန်တော်တို့ဟာ သူမနောက်ကို ချွတ်နင်းပြီး လှမ်းခဲ့ပေမဲ့ သူမက မကြားခဲ့ဘူး။*

mgyoe.com

mgyoe.com

- **Steal (in, out)** သည် အထူးလျှို့ဝှင်၊ လျှို့ထွက်သွားခြင်းကို ဖော်ညွှန်းသည်။

e.g *He stole out of the house in midnight.*
*သူဟာ ညသန်းခေါင်မှာ အိမ်ကနေ လျှို့ထွက်သွားတယ်။*

- **Sidle** သည် ခိုးကြောင်ခိုးဝှက်၊ ကြောက်ကြောက်လန့်လန့် သွားနေပုံကို ဖော်ပြသည်။

e.g *The student sidled past the teacher and ran out of the classroom.*
*ကျောင်းသားဟာ ဆရာကိုကျော်ပြီး ခိုးကြောင်ခိုးဝှက်နဲ့ သွားခဲ့ပြီး စာသင်ခန်းအပြင်ဘက်သို့ ပြေးထွက်သွားခဲ့တယ်။*

- **Sneak (in, out)** သည် မလုံမလဲနှင့် လှုပ်ရှားသွားလာနေသူများကို ဖော်ညွှန်းသည်။

e.g *He tried sneaking into the cinema without showing ticket.*
*သူဟာ လက်မှတ်မပြဘဲ ရုပ်ရှင်ရုံထဲသို့ မလုံမလဲနဲ့ သွားဖို့ကြိုးစားခဲ့တယ်။*

- **Slink (off, away)** သည် ခိုးကြောင်ခိုးဝှက် မကောင်းမှု ကျူးလွန်ဖို့သွားနေသော လူ၊ တိရစ္ဆာန်တို့နှင့်ပတ်သက်၍ သုံးသည်။

e.g *A thief came slinking through the window in the early morning.*
*သူခိုးတစ်ဦးဟာ မနက်စောစောမှာ ပြတင်းပေါက်ကိုဖြတ်ပြီး ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာခဲ့တယ်။*

- **Lurk** သည် တိတ်တဆိတ် ခိုအောင်းပြီး စောင့်နေသော အခြေအနေကို ဖော်ညွှန်းသည်။

mgyoe.com

mgyoe.com

e.g *The guard saw a man lurking in the bushes near the warehouse.*
*အစောင့်သည် သိုလှောင်ရုံအနီး ချုံပုတ်များထဲတွင် ခိုအောင်းနေသော လူတစ်ဦးကို တွေ့မြင်ခဲ့သည်။*

- **Prowl (about, around)** သည် လှည့်လည်၍ အစာရှာဖွေ ချောင်းမြောင်းနေသော လူဆိုးသူခိုး (သို့) တိရစ္ဆာန်တို့ ခိုးဝှက်ရန် လိုက်ချောင်းနေပုံကို ပြသည်။

e.g *Wolves prowled the forest in search of prey.*
*ဝံပုလွေတွေဟာ သားကောင်ကို ရှာဖွေဖို့ သစ်တောထဲမှာ လိုက်ချောင်းခဲ့တယ်။*

- **Skulk (about, around)** သည် စိတ်ဆိုးမာန်ဆိုးနှင့် ဒုစရိုက်ကျူးလွန်ရန် မျက်ကွယ်ရာတွင် စောင့်နေသည်ကို ညွှန်းသည်။

e.g *He skulked near the tree, waiting for the police to leave.*
*သူဟာ ရဲတွေ ထွက်ခွာဖို့ စောင့်ဆိုင်းလျက် သစ်ပင်အနီးမှာ စောင့်နေခဲ့တယ်။*

**(11) calm/ silent/ quiet/ still**

- **Calm** သည် အေးငြိမ်းခြင်း/ အေးဆေးခြင်း/ ငြိမ်သက်ခြင်းနှင့် တည်ငြိမ်ခြင်းကို ဖော်ပြသည်။

e.g *Please stay calm and call an ambulance immediately.*
*ကျေးဇူးပြုပြီး အေးငြိမ်းသက်သာနေပြီး လူနာတင်ယာဉ်တစ်စီးကို ချက်ချင်း ခေါ်လိုက်ပါ။*

mgyoe.com

mgyoe.com

- **Silent** သည် တိတ်ဆိတ်မှု၊ ငြိမ်သက်မှုကို ဖော်ပြသည်။ လူ၊ အရာဝတ္ထုများနှင့်ပတ်သက်၍ သုံးနိုင်သည်။

e.g *The classroom is silent when the teacher comes in.*
*ဆရာမသည် ဝင်လာသောအခါ စာသင်ခန်းသည် တိတ်ဆိတ်သွားသည်။*

- **Quiet** သည် အေးဆေးခြင်း၊ ငြိမ်းချမ်းခြင်းနှင့် တည်ကြည်ခြင်းကို ဖော်ပြသည်။

e.g *U Ba wishes for a quiet life in this village.*
*ဦးဘသည် ဤရွာတွင် အေးချမ်းသောဘဝကို ဆန္ဒရှိသည်။*

- **Still** သည် ငြိမ်သက်မှု၊ လှုပ်ရှားမှု မရှိခြင်းကို ဖော်ပြသည်။

e.g *I saw the still surface of lake.*
*ကျွန်တော်သည် ကန်၏ တည်ငြိမ်သော မျက်နှာပြင်ကို မြင်တွေ့ခဲ့သည်။*

**(12) residue/ leftovers/ relics/ remains / the rest/ the remainded**

- **Residue** သည် ဓာတ်ပြုမှုဖြစ်စဉ်မှ ကြွင်းကျန်ပစ္စည်းကို ဖော်ပြသည်။

e.g *We saw blue residue in the bottom of the test-tube.*
*စမ်းသပ်ဖန်ပြွန်ရဲ့အောက်ခြေမှာ အပြာရောင် ဓာတ်ပြုအကြွင်းအကျန်တွေကို ကျွန်တော်တို့ တွေ့ခဲ့တယ်။*

- **leftovers** သည် စားကြွင်းစားကျန်များကို ဆိုလိုသည်။

e.g *Mya Mya put the leftovers in the fridge.*
*မြမြဟာ စားကြွင်းစားကျန်တွေကို ရေခဲသေတ္တာထဲမှာထားခဲ့တယ်။*

mgyoe.com

mgyoe.com

- **Relics** သည် သမိုင်းဝင်ဖြစ်ပြီး အမှတ်တရ ကြွင်းကျန်ရစ်သော ပစ္စည်းများကို ဖော်ညွှန်းသည်။

e.g *They saw the museum which is full of Roman relics.*
*ရောမသမိုင်းဝင် ကြွင်းကျန်ပစ္စည်းများနဲ့ ပြည့်နေတဲ့ ပြတိုက်ကို သူတို့ တွေ့မြင်ခဲ့တယ်။*

- **Remains** သည် ပြိုပျက်နေသော ရှေးဟောင်းအဆောက်အဦများ၊ ရုပ်အလောင်းများကို ဖော်ပြသည်။

e.g *The remains of an old castle.*
*ရဲတိုက်ဟောင်းတစ်ခုရဲ့ ကြွင်းကျန်ရာများ။*

- **The rest** သည် မူလ အပေါင်းအစုမှ ကျန်ရှိသော အစုအပိုင်းကို ဖော်ပြသည်။

e.g *The rest of the students go home.*
*ကျန်ရှိတဲ့ ကျောင်းသားတွေ အိမ်ပြန်သွားကြတယ်။*

- သင်္ချာဘာသာတွင် **The remainder** ကို အကြွင်းဟု ခေါ်သည်။

e.g *If you divide 12 by 5, the remainder is 2.*
*သင် ၁၂ ကို ၅ ဖြင့် စားလျှင် အကြွင်းသည် ၂ ဖြစ်သည်။*

## (13) sprint/ race/ gallop/ trot/ run

- **Sprint** သည် တစ်ဟုန်ထိုး ပြေးသော တာတိုပြေးခြင်းကို ဆိုလိုသည်။

e.g *Mg Mg sprinted across the road to the bus stop.*
*မောင်မောင်သည် လမ်းကို ဖြတ်လျက် ကားမှတ်တိုင်သို့ တစ်ဟုန်ထိုး ပြေးသွားခဲ့သည်။*

mgyoe.com

mgyoe.com


- **Race** က ပြိုင်ပွဲတွင် ပြေးသကဲ့သို့ တစ်ဟုန်ထိုး ပြေးလွှားသွားလျှင်လည်း သုံးသည်။

e.g *He raced to the door to see his mother.*

*သူဟာ သူ့အမေကို တွေ့ရန် တံခါးသို့ တစ်ဟုန်ထိုး ပြေးသွားခဲ့တယ်။*

- **Trot** နှင့် **Gallop** သည် မြင်းပြေးပုံကို ဖော်ညွှန်းသည်။ မြင်းဒုန်းစိုင်းပြေးရာတွင် **Gallop** ကို သုံးသည်။

e.g *His horse galloped around the field.*

*သူ့မြင်းဟာ ကွင်းထဲမှာ ဒုန်းစိုင်း ပတ်ပြေးခဲ့တယ်။*

- **Trot** သည် မြင်းခြေလှမ်း စိပ်စိပ်ဖြင့် ပြေးသည်ကို ဖော်ပြသည်။

e.g *U Ba's horse strated to trot steadily.*

*ဦးဘရဲ့မြင်းဟာ ပုံမှန်ခြေလှမ်းစိပ်စိပ်ဖြင့် စတင်ပြေးခဲ့တယ်။*

- **Jog** သည် ဖြည်းဖြည်းနှင့်မှန်မှန် ပြေးခြင်းဖြစ်သည်။

e.g *Nyi Nyi jogs with his friend every morning.*

*ညီညီဟာ မနက်တိုင်း သူ့သူငယ်ချင်းနဲ့အတူ ဖြည်းဖြည်းမှန်မှန် ပြေးတယ်။*

- **Run** သည် အားကစားပြိုင်ပွဲတွင် ပြေးခြင်း၊ အလျင်စလိုပြေးခြင်းကို ဖော်ပြရာမှာ သုံးသည်။

e.g *I had to run not to be late for the train.*

*ရထားနောက်မကျစေဖို့ ကျွန်တော် ပြေးခဲ့ရတယ်။*

mgyoe.com

mgyoe.com

## (14) condition/ ailment/ disease/ illness

- **Condition** သည် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုတွင် ထိခိုက်သော အနာရောဂါမျိုးကို ဆိုလိုသည်။

e.g *Nyi Nyi suffers from Asthma condition at the age of Four.*

*ညီညီသည် လေးနှစ်သားအရွယ်တွင် ပန်းနာရင်ကျပ်ရောဂါ ခံစားရသည်။*

- **Ailment** သည် သာမန်ဖျားနာမှုမျိုးကို ဆိုလိုသည်။

e.g *Colds, coughs and sore throats are usually known as common winter ailments.*

*အအေးမိခြင်း၊ ချောင်းဆိုးခြင်းနဲ့ လည်ချောင်းနာခြင်းများကို များသောအားဖြင့် ဆောင်းရာသီ သာမန်ဖျားနာမှုများအဖြစ် လူသိများသည်။*

- **Disease** သည် ရောဂါတစ်ခုခုကို ရည်ညွှန်းသည်။

e.g *A healthy diet and regular exercise can prevent heart disease.*

*ကျန်းမာသောအစားအစာနှင့် ပုံမှန်လေ့ကျင့်ခန်းသည် နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည်။*

- **Illness** သည် ယေဘုယျအားဖြင့် မကျန်းမာသော ကာလတွင် ဖြစ်ပျက်မှုကို ဆိုလိုသည်။

e.g *U Mya died unexpectedly after one month illness.*

*တစ်လကြာ မကျန်းမာမှုဖြစ်ပြီးနောက် ဦးမြသည် မမျှော်လင့်ဘဲ သေဆုံးခဲ့သည်။*

mgyoe.com

mgyoe.com

## (15) salary/ fee/ wage/ Income

- အသက်မွေးဝမ်းကျောင်း ပြုသူများနှင့် ရုံးဝန်ထမ်းများသည် လစဉ် သို့မဟုတ် နှစ်စဉ် ဝင်ငွေရရှိလျှင် ယင်းငွေကို salary ဟု ခေါ်သည်။ 'လစာ'ဟု လူသိများသည်။

e.g *U Mya's basic salary is 150,000 kyats per month in this company.*
*ဦးမြ၏ အခြေခံလစာသည် ဤကုမ္ပဏီတွင် တစ်လလျှင် ၁၅၀,၀၀၀ ကျပ် ဖြစ်သည်။*

- ဆေးကုသခြင်းကဲ့သို့ ပေးရသောငွေကို fee ဟု သုံးစွဲလေ့ရှိသည်။

e.g *This doctor's consultation fees are higher than that of other doctors.*
*ဤဆရာဝန်၏ အတိုင်ပင်ခံကြေးသည် အခြားဒေါက်တာများ၏ အတိုင်ပင်ခံကြေးထက် ပို၍ မြင့်သည်။*

- Wage သည် အလုပ်လုပ်ရာတွင် တွက်ချက်ပေးသော နေ့စားလုပ်အားခ ဖြစ်သည်။

e.g *His daily wage can not survive his living.*
*သူ့ရဲ့ နေ့စဉ်လုပ်အားခသည် သူ့နေထိုင်မှုကို မရှင်သန်နိုင်ချေ။*

- Pay သည် အလုပ်ရှင်ထံမှ မှန်မှန်ရသောဝင်ငွေဖြစ်သည်။

e.g *His pay will be increased next month.*
*နောက်လတွင် သူ့ဝင်ငွေမှာ မြင့်တက်လာလိမ့်မည် ဖြစ်သည်။*

- Income သည် ဝင်ငွေဖြစ်သည်။ ယင်းဝင်ငွေသည် အလုပ်လုပ်ခြင်း၊ အရောင်းအဝယ်လုပ်ခြင်းမှ ရရှိသော ဝင်ငွေဖြစ်သည်။

mgyoe.com

e.g *The income of this year in our country is better than that of last year.*

*ဒီကုမ္ပဏီရှိ ယခုနှစ်ဝင်ငွေဟာ မနှစ်က ဝင်ငွေထက် ပိုကောင်းပါတယ်။*

**(16) The latter/ the last/ the latest**

- **ရှေးဝါကျတွင် ဖော်ပြသော Noun (နာမ်)နှစ်ခုအနက် ဒုတိယ Noun ကို ရည်ညွှန်းပြောဆိုရာတွင် the latter ကို သုံးသည်။**

e.g *People can choose their travelling by plane or by car. Some people choose the latter.*

*လူတွေက သူတို့ရဲ့ ခရီးသွားခြင်းကို လေယာဉ်ဖြင့် (သို့မဟုတ်) ကားဖြင့် ရွေးချယ်နိုင်သည်။ အချို့လူတွေက ဒုတိယတစ်ခုကို ရွေးချယ်ကြသည်။*

- **The last သည် နောက်ဆုံးပိတ်ဟု အဓိပ္ပာယ် ဖွင့်နိုင်သည်။**

e.g *What time does the last plane leave?*

*နောက်ဆုံးလေယာဉ် ဘယ်အချိန် ထွက်ခွာသလဲ။*

- **The latest သည် နောက်ဆုံးပေါ်ဟု အဓိပ္ပာယ်ရသည်။**

e.g *Nyo Nyo usually dresses in the latest fashion.*

*ညိုညိုသည် နောက်ဆုံးပေါ် ဖက်ရှင်ကို များသောအားဖြင့် ဝတ်ဆင်သည်။*

**(17) fewer/ less**

- **Less ကို uncountable noun (ရေတွက်၍မရသောနာမ်)နှင့် တွဲသုံးသည်။**

mgyoe.com

mgyee.com

e.g *U Ba has less money in this month than before.*
*ဦးဘမှာ ယခင်ကနှင့်စာလျှင် ဒီလမှာ ငွေပိုနည်းသွားပြီ။*

▶ **Fewer ကို countable noun (ရေတွက်၍ရသောနာမ်) နှင့် တွဲသုံးသည်။**

e.g *There have been fewer students in this private school.*
*ဤကိုယ်ပိုင်အထက်တန်းကျောင်းမှာ ကျောင်းသားနည်းနည်းပဲ ရှိပါတယ်။*

**(18) let/ hire/ rent**

▶ **အမေရိကန်တို့က အလုပ်ခန့်ခြင်းကို hire ဟု ခေါ်သည်။**

e.g *The ABC company hired two new managers.*
*အေဘီစီကုမ္ပဏီသည် မန်နေဂျာသစ်နှစ်ဦးကို ခန့်ခဲ့သည်။*

▶ **အချိန်ကို ငှားရမ်းခြင်းအတွက် hire ကို သုံးသည်။**

e.g *They hired a hall for their wedding reception.*
*သူတို့၏ မင်္ဂလာဧည့်ခံပွဲအတွက် ခန်းမတစ်ခုကို သူတို့ ငှားခဲ့သည်။*

▶ **အချိန်တိုအားဖြင့် နေစရာ အခန်း၊ အဆောက်အဦ စသည်တို့ ငှားရမ်းမှုကို let ဟု သုံးစွဲလေ့ရှိသည်။**

e.g *U Ba lets out his house to them for two months.*
*ဦးဘသည် သူ့အိမ်ကို သူတို့အား နှစ်လကြာ ငှားရမ်းသည်။*

▶ **နှစ်၊လချို၍ အိမ်၊ကား စသည်တို့ ငှားရမ်းသုံးစွဲခြင်းကို rent ဖြင့် သုံးစွဲလေ့ရှိသည်။ အငှားချရာတွင် rent out ဟု သုံးသည်။**

e.g *Daw Aye's planned to rent out her spare- room.*
*ဒေါ်အေးသည် သူမ၏ အပိုခန်းကို အငှားချရန် စီစဉ်ထားပြီး ဖြစ်သည်။*

mgyee.com

**(19) lay/ lie**

- **Lay သည် ကံလိုကြိယာ (v.t) ဖြစ်သည်။**

e.g *Mya Mya laid her dress on the bed.*

*မြမြသည် သူမဝတ်စုံကို ခုတင်ပေါ်တွင် ထားခဲ့သည်။*

- **Lay သည် 'ထားသည်'ဟု အဓိပ္ပာယ်ရသည်။**

- **Lie သည် ကံမလိုကြိယာဖြစ်သည်။ 'လိမ်ညာပြောသည်'ဟု အဓိပ္ပာယ်ရသည်။**

e.g *He lied about his degree to get the job.*

*သူသည် အလုပ်ရရန် သူ့ဒီဂရီနဲ့ပတ်သက်၍ လိမ်ညာပြောခဲ့သည်။*

**(20) long/ long time/ a long time**

- **အချိန်ပြကြိယာဝိသေသနအဖြစ် long နှင့် a long time ကို သုံးသည်။**

e.g *U Ba lived in Korea for a long time.*

*ဦးဘသည် ကိုရီးယားနိုင်ငံတွင် အချိန်အတော်ကြာနေထိုင်ခဲ့သည်။*

e.g *He played in the football field too long.*

*သူဟာ ကစားကွင်းမှာ အတော်ကြာကြာ ကစားခဲ့တယ်။*

e.g *I haven't been to Maymyo for a long time.*

*ကျွန်တော် မေမြို့မရောက်တာ အတော်ကြာသွားပြီ။*

e.g *I haven't been in Maymyo long.*

*ကျွန်တော် မေမြို့ရောက်တာ မကြာသေးပါဘူး။*

gyoe.com

- **အငြင်းဝါကျသုံးရာတွင် အဓိပ္ပာယ်ခြားနားမှုရှိကြောင်း သတိပြုပါ။**

mgyoe.com

**(21) peer/ look/ gaze/ stare/ gawp**

- **Peer** သည် အားစိုက်စူးစားကြည့်ခြင်းကို ရည်ညွှန်းသည်။

e.g *When I arrived from outside, I peered into the dark room.*

*ကျွန်တော် အပြင်မှ ရောက်ရှိခဲ့တဲ့အခါ မှောင်နေတဲ့အခန်းကို အားစိုက်ကြည့်ခဲ့တယ်။*

- **Look** သည် ကြည့်သည်၊ ရှာကြည့်သည်ဟု ရည်ညွှန်းသည်။

e.g *Please look at the beautiful garden.*

*လှပသော ပန်းခြံကို ကျေးဇူးပြုပြီး ကြည့်လိုက်ပါ။*

- **Gaze** မှာ ငေးမောကြည့်သည်ဟု အဓိပ္ပာယ်ရသည်။

e.g *When she gazed out of the window, she saw an old man.*

*သူမဟာ ပြတင်းပေါက်အပြင်ဘက်သို့ ငေးကြည့်ခဲ့တဲ့အခါ အဘိုးအိုတစ်ဦးကို တွေ့မြင်ခဲ့တယ်။*

- **Stare** သည် 'စူးစိုက်ကြည့်သည်' ဟု ဆိုလိုသည်။

e.g *The boys are staring at the pretty girl.*

*ယောက်ျားလေးတွေဟာ လှပတဲ့မိန်းကလေးကို စူးစိုက်ကြည့်နေကြတယ်။*

- **Gawp** သည် ပါးစပ်ဟောင်းလောင်းဖြင့် ငေးမောသည်ဟု ဆိုလိုသည်။ အပြစ်တင်ရာတွင် သုံးသည်။

e.g *U Mya sits in the living room gawping at the television all day.*

*ဦးမြဟာ တစ်နေ့လုံး တယ်လီဗေးရှင်း ငေးမောကြည့်ရင်း ဧည့်ခန်းမှာ ထိုင်နေတယ်။*

mgyoe.com

mgyge.com


## (22) lose/ loose/ loosen

- **Lose သည် ပျောက်ဆုံးသည်ဟု အဓိပ္ပာယ်ရသည်။**

e.g *I lost my wallet this morning.*
*ဒီမနက် ကျွန်တော့်ပိုက်ဆံအိတ် ပျောက်သွားတယ်။*

- **Loose မှာ 'လွတ်ထားသော'ဟု အဓိပ္ပာယ်ရသည်။**

e.g *His dogs are loose in the garden.*
*သူ့ခွေးတွေကို ခြံထဲမှာ လွတ်ထားတယ်။*

- **Loose သည် 'ပွပွ'၊ 'လျော့ရဲရဲ' ဟု အဓိပ္ပာယ်ရသည်။**

e.g *U Ba wore a loose shirt yesterday.*
*ဦးဘဟာ မနေ့က ရှပ်အင်္ကျီပွပွတစ်ထည် ဝတ်ဆင်ခဲ့တယ်။*

- **Loosen သည် 'လျှော့သည်' ဟု အဓိပ္ပာယ်ရသည်။**

e.g *I had to loosen my belt after having a huge meal.*
*အစားအစာ များများစားပြီးနောက် ကျွန်တော့်ခါးပတ်ကို လျှော့ချခဲ့တယ်။*

## (23) device/ gadget/ implement/ instrument/ tool/ apparatus/ appliance/ machine

- **Device သည် သေးငယ်သော်လည်း အသုံးဝင်သည့် ကိရိယာ ဖြစ်သည်။**

e.g *Most people prefer to buy labour- saving devices to save their efforts and time.*
*လူအတော်များများက သူတို့ရဲ့ကြိုးပမ်းအားထုတ်မှုတွေနဲ့ အချိန်သက်သာစေဖို့ လုပ်အားသက်သာတဲ့ ကိရိယာတွေဝယ်ဖို့ ပိုမိုနှစ်သက်ကြတယ်။*

mgyge.com

mgyoe.com

- **Gadget** သည် တစ်နည်းနည်း အသုံးဝင်သော ကိရိယာမျိုးကို ခေါ်သည်။ **Implement** သည် ဥယျာဉ်နှင့် လယ်ယာသုံးပစ္စည်းမျိုး (ဥပမာ – ထွန်ခြစ်၊ ဂေါ်ပြား) ဖြစ်သည်။

- **Instrument** သည် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်သည့် ကိရိယာမျိုး ဖြစ်သည်။ **Tool** သည် လွှ၊ တူကဲ့သို့သော ကိရိယာမျိုးကို ခေါ်သည်။

- **Apparatus** မှာ လုပ်ငန်းတစ်ခုခုအတွက် အသုံးပြုရသော စက်ပစ္စည်းတစ်မျိုး ဖြစ်သည်။ **Appliance** သည် အိမ်သုံးပစ္စည်းမျိုး ဖြစ်သည်။

- **Machine** သည် လူအား၊ လျှပ်စစ်အား အသုံးပြုရသော စက်အမျိုးအစား ဖြစ်သည်။

e.g *Printing Machine = ပုံနှိပ်စက်*

**(24) full name/ first name/**
**family name/ surname/ last name/**
**forename/ christian name**

- အမည်ပေးရာတွင် အမည်အပြည့်အစုံကို **Full name** ဟု ခေါ်သည်။

e.g *Mr. Peter Smith (မစ္စတာပီတာစမစ်)*

- မိသားစုအမည်ကို **Family name, surname** သို့မဟုတ် **lastname** ဟု ခေါ်သည်။

e.g *Mr. Smith, Mrs. Smith, Miss Smith*

mgyoe.com

mgyoe.com

- **English Speaking** နိုင်ငံများတွင် ဆွေမျိုး၊ အပေါင်းအသင်းများက **First name** ဖြင့် ခေါ်လေ့ရှိသည်။ ငယ်နာမည် သို့မဟုတ် မိဘများ မှည့်ခေါ်သည့် နာမည်သည် **First name** ဖြစ်သည်။ **First name** ကို **Christan name** ဟုလည်း ခေါ်သည်။

- **Forename** ဟူသည် **first name** ကို တည်တည်ခံ့ခံ့ ပေးထားသည့် ဝေါဟာရဖြစ်သည်။ တစ်ခါတစ်ရံတွင် မိဘများက အလယ်အမည် **middle name** ကို ပေးတတ်သည်။

**(25) contemporary/ modern/ new**

- **Contemporary** သည် မျက်မှောက်ခေတ်ပြိုင်သာမက အတိတ်ခေတ်ပြိုင်ကို ဖော်ညွှန်းသည်။

e.g *Shakespeare's plays tell us a lot about contemporary life of the 16th century.*
*ရှိတ်စပီးယား၏ ပြဇာတ်များသည် ၁၆ ရာစု၏ ခေတ်ပြိုင်ဘဝအကြောင်းများစွာ ပြောပြသည်။*

- **Modern** ဟူသည် မျက်မှောက်ခေတ်အထိ အတန်ရှည်ကြာသော ကာလကို ဖော်ညွှန်းသည်။

e.g *U Ba likes modern art.*
*ဦးဘသည် မော်ဒန်အနုပညာကို နှစ်သက်သည်။*

- **New** သည် အသစ်စက်စက်ကို ရည်ညွှန်းသည်။

e.g *I bought a new car made in Japan.*
*ဂျပန်နိုင်ငံတွင် ထုတ်လုပ်သော ကားသစ်တစ်စီးကို ကျွန်တော် ဝယ်ခဲ့သည်။*

mgyoe.com

mgyoe.com

**(26) act/ action/ deed/ feat/ exploit/ achievement**

- **Act** သည် ဆောင်ရွက်မှုလုပ်ရပ်ကို ဖော်ညွှန်းသည်။ **Action** သည် ယေဘုယျလုပ်ရပ်သဘောကို ဖော်ပြသည်။ သို့သော် **act** နှင့် **action** ကို အကောင်းအဆိုး လုပ်ရပ်နှစ်ခုစလုံးတွင် သုံးနိုင်သည်။ **An act of** ကို သတ်မှတ်ထားသော လုပ်ရပ်တစ်ခု အတွက် သုံးသည်။

- **Act of God** သည် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်ကို ဖော်ညွှန်းသည်။

- မွန်မြတ်သော (သို့) ဆိုးယုတ်သော လုပ်ရပ်အတွက် **deed** ကို သုံးသည်။ ရဲရဲဝံ့ဝံ့ စွန့်စားရသော လုပ်ရပ်များကို **exploit** ဖြင့် ဖော်ညွှန်းလေ့ရှိသည်။ ခက်ခဲနက်နဲသော အထင်ကြီးဖွယ် လုပ်ရပ်များကို **achievement** နှင့် **feat** တို့ဖြင့် ဖော်ပြလေ့ရှိသည်။

e.g *His achievement in this class is getting high scores in the exam.*
*အတန်းထဲတွင် သူ့ရဲ့ အောင်မြင်မှုမှာ စာမေးပွဲမှာ မြင့်မားသော အမှတ်များ ရရှိခြင်းပဲ ဖြစ်ပါတယ်။*

e.g *The new high way is a major feat of engineering.*
*အဝေးပြေးလမ်းအသစ်ဟာ အင်ဂျင်နီယာပညာရပ်ရဲ့ အဓိက စွမ်းဆောင်မှုတစ်ရပ် ဖြစ်ပါတယ်။*

e.g *His exploits as a leader became famous in his team.*
*ခေါင်းဆောင်တစ်ဦးအနေနဲ့ သူ့ရဲ့စွန့်စားခန်းတွေဟာ သူ့အဖွဲ့မှာ ထင်ရှားလာခဲ့တယ်။*

mgyoe.com